မည်သူမဆို နေမထွက်မီ ဆွလာသ်နှင့် နေမဝင်မီ ဆွလာသ်ကို
ဝတ်ပြုပါက ထိုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည်
မဟုတ်ပါ။
အဗူဇုဟိုင်းရ် အုမာရဟ် ဗင်န် ရုအိုင်ဘဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ မည်သူမဆို နေမထွက်မီ ဆွလာသ်နှင့် နေမဝင်မီ ဆွလာသ်ကို
ဝတ်ပြုပါက ထိုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည် မဟုတ်ပါ။
[صحيح] [رواه مسلم]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ဖဂျရ်နှင့် အစွရ်ဆွလာသ်နှစ်ခုကို
ပုံမှန်မပြတ် ဝတ်ပြုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည် မဟုတ်ဟု
မိန့်ကြားတော်မူခဲ့သည်။ ထိုဆွလာသ်နှစ်ခုကို အထူးဖော်ပြရခြင်းအကြောင်းမှာ
၎င်းတို့သည် (စောင့်ထိန်းရန်) အလေးလံ(အခက်ခဲ)ဆုံး ဆွလာသ်များဖြစ်‌သော ကြောင့်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် ဖဂျရ်ဆွလာသ်၏အချိန်သည် အိပ်ပျော်နေချိန်၊ အိပ်ခြင်း၏
ချိုမြိန်နေချိန်တွင်ဖြစ်ပြီး အစွရ်ဆွလာသ်၏အချိန်သည် နေ့ဖက်အလုပ်ကိစ္စများ၊
ကုန်သွယ်ရေးလုပ်ငန်းများနှင့် အလုပ်ရှုပ်နေချိန်တွင် ဖြစ်သောကြောင့်ဖြစ်သည်။
ထို့ကြောင့် ဤအခက်ခဲဒုက္ခများရှိပါလျက် ထိုဆွလာသ်နှစ်ခုကို
စောင့်ထိန်းဝတ်ပြုနိုင်သူသည် အခြားဆွလာသ်များကိုလည်း
စောင့်ထိန်းဝတ်ပြုနိုင်မည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/6215